

# အရှင်ဥပဂုတ္တမထေရ် သာသနာပြုပုံ

Tāranātha (1575–1634  A.D.), *History of Buddhism in India*, p.34

အရှင်ဧကလာသသ၊ ဓမ္မာစရိယ၊ B.A. (Philo) M.A. (Buddhism) မြန်မာပြန်သည်

ထို့နောက် အရှင်ဥပဂုတ္တမထေရ်သည် ဂင်္ဂါမြစ်ကို ဖြတ်၍ မြောက်ဘက်သို့ ကြွတော်မူလျှင် တီရဟုတိ နိုင်ငံ (ယနေ့ခေတ် Tirabhukti ဒေသ)၏ အနောက်ဘက်ရှိ ဝေဒေဟနိုင်ငံသို့ ဆိုက်ရောက်၏။ ယင်း၌ အနီးဝန်းကျင်ရှိ သံဃာတော်များအား ထောက်ပံ့နေသည့် ဝသုသာရ အမည်ရှိ ဥပါသကာ ဆောက်လုပ်သည့်ကျောင်း၌ ဝါတွင်းသုံးလ သီတင်းသုံးတော်မူ၏။ ဝါတွင်းသုံးလကြာ အရှင်မြတ် ဟောကြားသော တရားတော်ကြောင့် အရဟတ္တဖိုလ်ကို ရရှိကြသော ပုဂ္ဂိုလ်အရေအတွက်မှာ တစ်ထောင်ရှိ၏။ ယင်းနောက် အရှင်မြတ်သည် ဂန္ဓာရ (ဂန္ဓမာဒန) တောင်မြတ်သို့ ကြွတော်မူပြီး ဓမ္မကို ဟောကြားခြင်းဖြင့် (ထိုအရပ်ရှိ) လူအများအား သစ္စာတရားကို ထိုးထွင်း၍ သိမြင်စေ၏။

ယင်းမှ တစ်ဖန် မဇ္ဈိမဒေသ၏ အနောက်မြောက်ဘက် နယ်စွန်၌ရှိသော မထုရာမြို့သို့ ကြွတော်မူ၏။ ထိုစဉ် လူအများ စုဝေးရာဖြစ်သည့် မထုရာမြို့ ဂိတ်တံခါး၌ မလ (လူမျိုးစု) ခေါင်းဆောင်များ ဖြစ်ကြသည့် ကုန်သည်  နန္ဒ နှင့် ဘဏ္ဍ (Bhaṇṭa) တို့သည် အချင်းချင်း စကားစမြည် ပြောဆိုနေကြ၏။ ၎င်းတို့သည် အရှင်ဥပဂုတ္တ မထေရ်အား ချီးမွမ်း စကားဆိုကြရင်း အရှင်သာဏဝါသိကရှိစဉ် သိရတောင်ကုန်း၌[၁] ၎င်းတို့ ဆောက်လုပ် လှူဒါန်းထားသော ကျောင်း၌ အရှင်မြတ် (ဥပဂုတ္တထေရ်) သီတင်းသုံးတော်မူလျှင် အဘယ်မျှ နှစ်သက် ဖွယ်ကောင်း မည်နည်းဟုလည်း တွေးကြ၏။ (သို့တွေးနေခိုက်) ခပ်လှမ်းလှမ်းမှ အရှင်ဥပဂုတ္တမထေရ် ကြွလာသည်ကို တွေ့ရသဖြင့် 'ကျွန်ုပ်တို့ထံသို့ မဝေးသော အရပ်မှ သတိသမ္ပဇဉ် ရှေ့သွားပြု၍ တင့်တယ်စွာ ကြွလာနေသူကား အရှင်ဥပဂုတ္တမထေရ် ဖြစ်ရမည်'ဟု ဆိုကြ၏။ ယင်းသို့ ပြောဆိုလျက် အရှင်မြတ်အား ခရီးဦးကြို ရှိခိုးဦး ဝတ်ပြုကြပြီးနောက် 'အရှင်ဘုရားသည် အရှင်ဥပဂုတ္တ ဖြစ်ပါသလား'ဟု မေးလျှောက်ကြ၏။ 'ငါ့ကို လူအများက ထိုကဲ့သို့ ခေါ်ဝေါ်ကြပါ၏'ဟု အရှင်မြတ်က ဖြေ၏။

ဥပါသကာ နှစ်ယောက်သည် သိရတောင်ပေါ်ရှိ နဋ္ဌဘင္ဓကဝိဟာရ[၂] အား လိုအပ်သည့် အရာအားလုံးကို ပြင်ဆင်ပြီး အရှင်မြတ်အား လှူဒါန်းကြ၏။ ထိုကျောင်း၌ အရှင်မြတ် တရားဟောတော်မူသောအခါ ရဟန်းနှင့် လူဒါယကာ များစွာတို့ သစ္စာတရားကို သိမြင်ကြ၏။

အခါတစ်ပါး၌ အရှင်မြတ်သည် လူအများအား တရားဟောကြားစဉ် မာရ်နတ်သည်[၃] မြို့တွင်း၌ စပါးမိုးကို ရွာချ၏။ ယင်းသည် တရားနာနေသည့် ပရိသတ်မှ လူများစွာတို့အား မြို့သို့ ထွက်ခွာရန် ဖြစ်စေ၏။ အချို့မှာ ဆက်လက်၍ တရားနာယူကြ၏။ ဒုတိယနေ့၌ မာရ်နတ်သည် အဝတ်အစားမိုးကို ရွာချသဖြင့် လူများသည် မြို့ထဲသို့ ထွက်ခွာသွားကြ၏။ ထို့အတူ တတိယနေ့၌ ငွေသားမိုး၊ စတုတ္ထနေ့၌ ရွှေသားမိုး၊ ပဉ္စမနေ့၌ ရတနာ ခုနစ်ပါးမိုး ရွာချ၏။ သို့ဖြင့် တရားနာသူ အရေအတွက်မှာ အထင်အရှား လျော့ကျသွား၏။

ဆဋ္ဌမနေ့၌ မာရ်နတ်သည် ကိုယ်တိုင် ကချေသည်အသွင်၊ ဇနီးနှင့် သားသမီးများမှာ အဆိုကျော် ကခုန်သူများအဖြစ် ဖန်ဆင်းလျက် အခြား

၃၆–ယောက်သော အမျိုးသား အမျိုးသမီးများလည်း အနုပညာ သည်များ အသွင်ဆောင်ပြီး မြို့ထဲသို့ ဝင်ခဲ့ကြ၏။ (ယင်းတို့၏) ထူးဆန်းသော အက၊ သီချင်းသည်တို့၏ တေးသံသာနှင့် ငြိမ့်ညောင်းသော ဂီတသံများ နောက်ယှက်သည်၌ ပရိသတ်ထဲမှ တစ်ယောက်မကျန် ထွက်ခွာသွားကြသဖြင့် တရားနာရန် တစ်ဦးတစ်ယောက်မှ မကျန်တော့ချေ။

(သို့ဖြင့်) အရှင်ဥပဂုတ္တသည် ကိုယ်တိုင် မြို့တွင်သို့ ကြွတော်မူပြီး 'အလွန် ကောင်းမွန်သည့် ကချေသည်တို့၊ သင်တို့၏ ဖျော်ဖြေမှုမှာ အံ့ဖွယ်ရှိစွ။ သင်တို့အား ပန်းကုံးကို ပေးပါအံ့'ဟု ဆိုလျက် အရှင်မြတ်သည် ၎င်းတို့၏ ဦးခေါင်းနှင့် လည်ပင်းတို့၌ ပန်းကုံးကို စွပ်ပေးလိုက်၏။

အရှင်မြတ်၏ တန်ခိုးကြောင့် မာရ်နတ်နှင့် အသင်းအပင်းများ၏ ခန္ဓာကိုယ်သည် အသက် အရွယ်ကြီးရင့်ပြီး နာမကျန်းဖြစ်လျက် အရုပ်ဆိုးသူများ ဖြစ်ကုန်၏။ အဝတ်စုတ်များကို ဝတ်ဆင်၊ ဦးခေါင်း၌ လူသေအလောင်းကို တင်၊ လည်ပင်း၌ ခွေးသေကောင်ကို ဆွဲသကဲ့သို့ ဖြစ်သွား၏။ ပတ်ဝန်းကျင် တစ်ခုလုံး အပုပ်နံ့ လှိုင်နေ၏။ (ထိုအပုပ်နံ့ကြောင့်) ထိုအရပ်ရှိ လူအားလုံးကို ပျို့အန်စေ၏။ တဏှာမှ မလွတ်မြောက်သေးသူများသည် နှာခေါင်းကို ပိတ်လျက် ဒေါသထွက် ကြောက်ရွံ့ စက်ဆုပ်ပြီး ပြန်သွားကြ၏။

ထို့နောက် အရှင်ဥပဂုတ္တထေရ်က 'အို မာရ်နတ်၊ သင်သည် အဘယ်ကြောင့် ငါ့၏ တပည့်များကို နာကျင်အောင် ပြုဘိသနည်း'ဟု မေး၏။ 'အရှင်ဘုရား၊ တပည့်တော်တို့ကို ခွင့်လွှတ်ပြီး တပည့်တော်တို့၌ ရှိနေသော အနှောင်အဖွဲ့များမှ လွတ်အောင် လုပ်ပေးပါ' (ဟု မာရ်နတ်က ဆို၏)။ 'အကယ်၍ သင်သည် ငါ့တပည့်များအား နာကျင်အောင် နောက်ထပ် မနှောင့်ယှက်လျှင် ငါသည် သင်ပြောတိုင်း ဆောင်ရွက်ပေးပါမည်'။ 'တပည့်တော်သည် သေသည်ထိ (အရှင်ဘုရား၏ တပည့်များအား) နာကျင်အောင် မလုပ်တော့ပါ'။

(ထိုနောက်) မာရ်နတ်နှင့် ယင်းအသင်းအပင်းတို့၏ ကိုယ်ခန္ဓာသည် ပုံမှန် နတ်အသွင်သို့ အလျင်အမြန် ပြောင်းလဲသွား၏။ မာရ်နတ်က 'ငါသည် ရဟန်းဂေါတမ ဗောဓိပင်ကျိုင်တွင်ရှိစဉ် ငါ၏တန်ခိုးဖြင့် နာကျင်အောင် ပြုခဲ့ပါ၏။ သို့တစေ ဂေါတမသည် ကရုဏာသမာပတ်ဖြင့် (စိတ်) အနှောက်အယှက် မဖြစ်ဘဲ သီတင်းသုံးတော် မူနေခဲ့ပါ၏။ ဂေါတမ၏ တပည့်သာဝကအနေဖြင့် သင်သည် (ဂေါတမကဲ့သို့) ဖြစ်ခြင်းအစား ကြမ်းကြုတ်ပြီး ရန်လိုပါ၏။ ရဟန္တာဖြစ်သည့် အရှင်ဘုရားသည့် ကျွန်ုပ် မဆိုစလောက် ရယ်ရွှင်ဖွယ် ပြုလုပ်မိသည်နှင့် ကျွန်ုပ်တို့အား အနှောင်အဖွဲ့ဖြင့် ချည်နှောင်ခဲ့ပါ၏'ဟု ဆို၏။

ယင်းနောက် အရှင်ဥပဂုတ္တသည် မာရ်နတ်အား ဓမ္မကို ဟောကြားလျက် 'ငါသည် တထာဂတ၏ ဓမ္မကာယကိုသာလျှင် မြင်ဖူးပါ၏။ ရူပကာယတော်ကို တစ်ကြိမ်တစ်ခါ မမြင်ဖူးပါ။ မာရ်နတ်၊ သင်သည်ကား ရှင်တော် ဗုဒ္ဓကို မြင်ဖူးပါ၏။ သို့ဖြစ်၍ ရှင်တော် ဗုဒ္ဓ၏ ရုပ်သွင်တော်ကို ငါ့အား ပြပါ'ဟု မိန့်တော်မူ၏။

မာရ်နတ်က ဗုဒ္ဓရုပ်သွင်တော်ကို ဖန်ဆင်းပြသောအခါ အရှင်ဥပဂုတ္တသည် အလွန့်အလွန် ကြည်ညို သွား၏။ ကြက်သီးမွေးညင်းထပြီး ပီတိမျက်ရည် ဖြာလျက် 'ငါသည် ရှင်တော် ဗုဒ္ဓအား ရှိခိုးပါ၏'ဟု မိန့်တော်မူ၏။ (အရှင်မြတ်၏) ယင်းသို့ပြုခြင်းကို မခံနိုင်သဖြင့် မာရ်နတ်သည် သတိမေ့မြောပြီး လဲကျ ပျောက်ကွယ်သွား၏။ သို့ဖြင့် ယခင်ဘဝ ကုသိုလ်ကံ၏ အကျိုးကြောင့် အရပ်လေးမျက်နှာမှ စုရုံးလာကြသော လူအပေါင်းသည် အရှင်မြတ်အား များစွာ ကြည်ညိုသွားကြ၏။ စပါးမိုးရွာသည့်နေ့မှစ၍ ခြောက်ရက်မြောက်ညထိ တရားဟော ခြင်း၏ အကျိုးကြောင့် ၇–ရက်မြောက်နေ့တွင် ဆယ့်ရှစ်လက္ခ (တစ်လက္ခ = တစ်သိန်း) မျှသော လူအပေါင်းသည် သစ္စာတရားကို ထိုးထွင်း၍ သိသွားကြ၏။

အရှင်ဥပဂုတ္တသည် နဋ္ဌဘဋိကကဝိဟာရ၌ ဘဝသက်တမ်း ကုန်ဆုံး

သည်ထိ သိတင်းသုံးတော်မူ၏။ ဤကျောင်း၌ အလျား ၁၈–တောင်၊ အနံ ၁၂–တောင်နှင့် ၆–တောင် မြင့်[၅] သည့် ဂူတစ်ခု ရှိ၏။ အရှင်ဥပဂုတ္တ၏ တရားကို နာယူ၍ ရဟန္တာအဖြစ်ကို ရသွားကြသည့် ရဟန်းတိုင်း လက်လေးသစ် ရှည်သည့် သစ်သားပိုင်းကို ဂူအတွင်း၌ ချထားလေ့ရှိ၏။ သစ်သားပိုင်းများမှာ ဂူအတွင်း၌ (ထပ်ထည့်ရန်) နေရာလပ် မရှိသည်ထိ ပြည့်သွား၏။ ထို့နောက် အရှင်ဥပဂုတ္တ ပရိနိဗ္ဗာန်စံသောအခါ[၆] အရှင်မြတ်၏ အလောင်းကို ထိုသစ်သားပိုင်းများဖြင့် မီးသင်္ဂြိုဟ်၏။ ဓာတ်တော်များအား သိမ်းဆည်းထားသည်ကို နတ်ဒေဝါတို့ ယူဆောင်သွားသည်ဟု ဆိုကြ၏။

အရှင်ဥပဂုတ္တသည် ဗုဒ္ဓတစ်ဆူ၏ အမှတ်လက္ခဏာတော်များ မပါသည့် ဗုဒ္ဓတစ်ဆူ ဖြစ်ကြောင်း ဗုဒ္ဓ၏ နှုတ်တော်ဖြင့် ဗျာဒိတ်ထားခဲ့၏။ ဗုဒ္ဓတစ်ဆူ၏ လက္ခဏာတော် ကြီးငယ်များ မရှိသော်လည်း အရှင်ဥပဂုတ္တသည် ဗုဒ္ဓ၏ မဟာကရုဏာတော်နှင့် တူညီသည်ဟု ဆိုလို၏။ ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် သက်ရှိတို့အပေါ် ထားသည့် အရှင်မြတ်၏ မဟာကရုဏာထက် မည်သူမျှ မပိုလွန်နိုင်ချေ။

အရှင်ဥပဂုတ္တ သာသနာပြုစဉ် ခေတ်ကာလကား အဓိကအားဖြင့် သုဓနုဘုရင်၏ သားတော်ဖြစ်သူ မဟိန္ဒြာမင်း၏ အပရန္တက ဒေသအများစုကို အုပ်ချုပ်မှု ကိုးနှစ်တာ ကာလနှင့် မဟိန္ဒြာ၏ သားတော် စမသ မင်း (Camasa) အုပ်ချုပ်မှု ၂၂–နှစ်တာ ကာလတို့ ဖြစ်၏။

ထိုအချိန်၌ အိန္ဒိယ အရှေ့ပိုင်းတွင် ဥတ္တရအမည်ရှိ ရဟန္တာတစ်ပါး ရှိ၏။ မဟိန္ဒြာဘုရင်သည် အရှင်မြတ်အား အလွန် ကြည်ညို၏။ ဘဂလ (Bagala) ပြည်သူများသည် ကုက္ကုဋ္ဌပါလ (Kukkuṭapāla)အရပ်၌ ကျောင်းတိုက် တည်ဆောက်ပြီး အရှင်မြတ်အား လှူဒါန်းကြ၏။ ယင်းသည် ကုက္ကုဋ္ဌာရာမကျောင်းတိုက်[၆] ဟု ထင်ရှား၏။ အပရန္တကတိုင်းသား အမျိုးလေးပါး လူများစွာသည် အရှင်မြတ်၏ တရားကြောင့် မဂ်လေးပါးကို ရသွားကြ၏။ အရှင်မြတ်၏ အကြီးဆုံးတပည့်မှာ အရှင်ယသ ရဟန္တာ ဖြစ်၏။

ဘုရင်မဟိန္ဒြာ ကွယ်လွန်ပြီးနောက် သားတော် နန်းတက်၍ မကြာမီ မဂဓမြို့၌ ဇဟာသာ (Jahsā) အမည်ရှိ အသက် တစ်ရာ့နှစ်ဆယ်ခန့် ရှိသည့် ပုဏ္ဏေးမကြီး တစ်ယောက် ရှိ၏။ ထိုအမျိုးသမီး၌ ဇယ၊ သုဇယနှင့် ကလျာဏဟု သားသုံးယောက် ရှိ၏။ ထိုတွင် တစ်ယောက်မှာ မဟာဒေဝ (မဟေသွာရ)နတ် ကိုးကွယ်သူ၊ နောက်တစ်ယောက်မှာ ကပိလ (ရသေ့)ကို ကိုးကွယ်သူ၊ နောက်ဆုံး တစ်ယောက်ကား သမ္မာသမ္ဗုဒ္ဓကို ကိုးကွယ်သူ ဖြစ်၏။ ၎င်းတို့သည် သက်ဆိုင်ရာ ဓမ္မကို အသေးစိတ် လေ့လာကြရင်း တစ်အိမ်တည်း၌ နေထိုင်လျက် အချင်းချင်း အငြင်းအခုံ ပြုကြ၏။

တစ်ခါသော် မိခင်က 'ငါသည် သားတို့အား အစားအသောက်နှင့် အဝတ်အစားနှင့် လိုလေသေး မရှိအောင် ပေးကမ်းခဲ့၏။ သို့ဖြစ်လျက် အဘယ်ကြောင့် အငြင်းအခုံ ပြုနေကြသနည်း'ဟု မေး၏။ သားသုံးယောက်က 'ကျွန်ုပ်တို့သည် အစားအသောက် စသည်ကြောင့် ငြင်းခုံကြသည် မဟုတ်။ မှန်သောဆရာနှင့် မှန်သော ဓမ္မအကြောင်းကို ဆွေးနွေးနေကြခြင်း ဖြစ်ပါသည်'ဟု ဖြေကြား၏။

မိခင်က 'အကယ်၍ သင်တို့သည် မိမိအသိဉာဏ်ဖြင့် မှန်သောဆရာ မှန်သောဓမ္မနှင့် မှားသောဆရာ မှားသော ဓမ္မကို မခွဲခြားနိုင်လျှင် အခြား ပညာရှိတို့ထံ သွားရောက် မေးကြည့်လျှင် ပိုကောင်း၏'ဟုဆို၏။ ၎င်းတို့သည် မိခင်၏ စကားကို နားထောင်ပြီး အရပ်ဒေသ မျိုးစုံသို့ သွားရောက် စုံစမ်းကြ၏။ သို့ရာတွင် မိမိ တို့အား ယုံကြည်စေနိုင်သော ဆရာတစ်ဦးတလေမျှ မတွေ့ကြချေ။ နောက်ဆုံး၌ ရဟန္တာ အရှင်ဥတ္တရမထေရ်ထံ ရောက်လာကြပြီး အရှင်မြတ်အား မိမိတို့၏ အယူအဆကို ဦးစွာ အသီးအသီး တင်ပြကြ၏။

ဇယသည် မဟာဒေဝအား တရိပုရကို ဖျက်ဆီးခြင်းအတွက် ချီးကျူးစကား ဆိုပြီး သုဇယကလည်း ကပိလ၏ ကြောက်ဖွယ်ကို ဖြစ်စေနိုင်သော တန်ခိုး စွမ်းအင်ကို တင်ပြ၏။ သို့ရာတွင် သမဏ ဂေါတမကား

(ယင်းသို့) မစွမ်းနိုင်သဖြင့် ၎င်း (ရဟန်းဂေါတမ)၏ ပြစ်ဒဏ် ခတ်မှုမှာ သက်ရောက်မှု မရှိ။ ဂေါတမသည် အသုရာကိုပင် ၎င်း၏ တန်ခိုးစွမ်းအင်ဖြင့် မအောင်မြင်နိုင်။ ထို့ကြောင့် ရဟန်းဂေါတမ၏ တန်ခိုးမှာ အကန့်အသတ်ရှိ၏။

ထိုပုဏ္ဏား နှစ်ယောက်အား ရဟန္တာ အရှင်မြတ်က ဤသို့ မိန့်တော်မူ၏ ——

'ဒေါသဖြင့် မိမိ၏ စိတ်ကို တုန်လှုပ်စေပြီး သူတစ်ပါးအားလည်း နာကျင်စေသည့် ပြစ်ဒဏ် ပေးခြင်းဖြင့် အဘယ် အကျိုးရှိမည်နည်း။ မာရ်နတ်နှင့် ကိုယ့်ကျင့်သီလ မရှိဘဲ ကြမ်းတမ်းသည့် ဍာကိနီ (ḍākinī)နှင့် ရက္ခသတို့သည်ပင် (ပြစ်ဒဏ်ပေးခြင်းကို) ပြုနိုင်ကြ၏။ သတ်ဖြတ်ခံရခြင်း၊ နှိပ်စက်ခံရခြင်း မရှိဘဲပင် မလွှဲမသွေ သေကြရမည့်သူတို့အား သတ်ဖြတ်ခြင်းမှာ အလွန့်အလွန် မိုက်မဲ၏။ ယင်း(သို့ပြုခြင်း)မှာ ဝင်ခါနီး နေမင်းအား တောင်ဝှေးဖြင့် ခြောက်လှန့်ပြီး နေကို အဝေးသို့ မောင်းထုတ်သည်ဟု ကြွားဝါသည့် လူမိုက်နှင့် တူ၏။

အို ပုဏ္ဏားတို့ .. နားထောင်ကြလော့၊ ဗုဒ္ဓသည် လောက၏ ကောင်းကျိုးအတွက် တရားကို ဟောကြားပါ၏။ ဗုဒ္ဓ၏ ဓမ္မ(အဆုံးအမ)ကား အကြမ်းမဖက်ခြင်းတည်း။ ဗုဒ္ဓအား ယုံကြည် လိုက်နာကျင့်သုံးသူသည် အကြမ်းမဖက်ခြင်းကို ထာဝစဉ် ပြောဆို၏။ အခြားပုဂ္ဂိုလ်တို့၏ ကောင်းကျိုးကို ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓသည် ဗောဓိဉာဏ်ကို ရရှိ၏။ အကြမ်းမဖက်သူဖြစ်ခြင်း၌ ဗုဒ္ဓသည် အမြဲတမ်း ကောင်းမြတ်သော နည်းလမ်းဖြင့် ပြုမူ၏။ ဗုဒ္ဓသည် တ ပည့် သာဝကများအားလည်း သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်ရန် သင်ကြားပါ၏။ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ ဗုဒ္ဓ၏ စကားတော်များကို ကြားနာရသူသည် ထိုစကားတော်များ၌ (သူတစ်ပါးအား) နာကျင်စေသည့် မည် သည့် သင်ကြားမှုမျိုးကိုမျှ ရှာတွေ့နိုင်မည် မဟုတ်။ ယင်းတို့မှာ အားလုံး၏ အခြေခံ ကိုယ်ကျင့်တရား ဖြစ်၏။

(ယင်းနှင့် ဆန့်ကျင်သည်ကား) မဟာဒေဝ (မဟေသွာရ)အား ယုံကြည်မှု ဖြစ်၏။ (ယင်းသည်) ကြမ်းကြုတ်ပြီး သုသာန်၌ နေခြင်းကို နှစ်သက်သော၊ လူတို့၏ အသားအဆီနှင့် ရိုးတွင်းခြင်ဆီကို စားခြင်း၌ နှစ်သက်သော၊ လူတို့၏ အသားအဆီနှင့် ရိုးတွင်းခြင်ဆီကို စားခြင်း၌ ခုံမင်သောသူတို့၏ ယုံကြည်မှု ဖြစ်၏။ (ယင်းသည်) သဘာဝအားဖြင့် ကြမ်းတမ်း၏။ သတ်ဖြတ်ခြင်း၌ အားထုတ်မှု ပြု၏။ ယင်း၏ အဆုံးအမကား အကြမ်းဖက်ဝါဒ ဖြစ်သဖြင့် မစင်ကြယ်။ ယင်းကို ယုံကြည်ရုံမျှသည်ပင် ကြမ်းတမ်းသည့် အလေ့ အကျင့်ဆီသို့ ရောက်သွားစေ၏။

အဘယ်သို့လျှင် တွေးခေါ်မြင်သိ ပညာရှိသည် ယင်းဘာသာတရားကို အလေးဂရု ပြုနိုင်မည်နည်း။ စွမ်းနိုင်ခြင်းမျှကို ကိုယ်ကျင့်တရားဟု ဆိုလျှင် အဘယ်ကြောင့် ခြသေ့်များ ကျားများသည် ကိုးကွယ်ရာ ဖြစ်မလာနိုင်ပါသနည်း။ စိတ်၏ ငြိမ်းချမ်းမှုကို ရရှိခြင်းသည်သာလျှင် ကိုယ်ကျင့်တရား အစစ်အမှန် ဖြစ်၏။

(ဤစာပိုဒ်မူရင်းမှာ ဂါထာပုံစံဖြစ်၏)

ယင်းသည် ထိုရဟန္တာအရှင်မြတ်၏ ပထမဆုံး ဟောကြားချက်ဖြစ်၏။ ယင်းနောက်တွင် အရှင်မြတ် သည် ကုသိုလ်နှင့် အကုသိုလ်တို့၏ ခြားနားမှုကို နည်းလမ်းငါးရာဖြင့် ရှင်းလင်းပြီး တရားဒေသနာ ဟောကြား၏။ ထိုပုဏ္ဏား နှစ်ယောက်လည်း ဟောကြားသည့် တရားတော်အားလုံးကို ရှင်းလင်းပြီး သစ္စာတရားကို နားလည်သွားကြလျက် ရတနာ သုံးပါးအား ကိုးကွယ် ဆည်းကပ်ကြ၏။ အငယ်ဆုံးဖြစ်သူ ဗုဒ္ဓဝါဒီ ကလျာဏ ပုဏ္ဏားကား ရတနာသုံးပါးအပေါ် ပို၍ပင် ယုံကြည်သွား၏။

သို့ဖြင့် အချင်းချင်း နားလည်သွားကြပြီး ညီအစ်ကို သုံးယောက် အတူတူ အိမ်သို့ ပြန်လာခဲ့ကြလျက် ၎င်းတို့၏ မိခင်အား 'ကျွန်ုပ်တို့အား လုံး ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကို နားလည်သွားပါပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့ အသီးသီး ဗုဒ္ဓဆင်းတုတော်အတွက် ဘုရားကျောင်း တည်ဆောက်လိုပါ၏။ မိခင်သည် ကျွန်ုပ်တို့အား ထိုကိစ္စအတွက် မြေနေရာကို ညွှန်ကြားပေးပါ'ဟု ဆိုကြ၏။

မိခင်က မြေနေရာကို ညွှန်ပြသဖြင့် ဇယပုဏ္ဏားသည် ဗာရာဏသီ

အနီး ဓမ္မစက္ကသုတ္တန်ကို ဟောကြားသည့် နေရာ၌ ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်း တည်ဆောက်၏။ ဗုဒ္ဓ သီတင်းသုံးတော်မူခဲ့သည့် နေရာရှိ ကျောင်းတိုက်များသည် ထူးမြတ်သော သွင်ပြင်ရှိခြင်း၌ ဗုဒ္ဓပရိနိဗ္ဗာန် စံပြီးနောက် ပျောက်ကွယ် သွားခဲ့ရ၏။ သို့ရာတွင် လူသားတို့၏ အမြင်၌ နှောင့်ယှက် ဖျက်ဆီးခြင်းနှင့် အခြား (ယုတ်မာသော) အကြောင်းများ ကြောင့် ယင်းကျောင်းတိုက်များ၏ အကြွင်းအကျန်ကို မတွေ့ရတော့ချေ။

သုဇယပုဏ္ဏားသည် ရာဇဂြိုဟ်မြို့ရှိ ဝေဠုဝန၌ ဗုဒ္ဓဆင်းတုတော်နှင့် ဘုရားကျောင်း တည်ဆောက်၏။ အငယ်ဆုံး ကလျာဏ ပုဏ္ဏားကား ဝဇိရာသန၌ ဂန္ဓကုဋိနှင့် ယင်းအတွင်း၌ မဟာဗောဓိဆင်းတုကို တည်ဆောက်၏။ ဤ(ဆင်းတု)ကို တည်ဆောက်သူများမှာ လူသားအသွင် ဆောင်ထားသော နတ်ဗိသုကာများ ဖြစ်၏။ (ဆင်းတုတော် တည်ဆောက်ချိန်၌) ကလျာဏပုဏ္ဏားနှင့် နတ်ဗိသုကာများသည် မဟာဗောဓိ (ဆင်းတုတော်) ပြုလုပ်ရန် ပစ္စည်းများနှင့်အတူ ဘုရားကျောင်းကို ပိတ်ထားကြ၏။ ခုနစ်ကြာ မည်သူ့ကိုမျှ အတွင်းသို့ ဝင်ခွင့် မပြုချေ။ ခုနစ်ရက်မြောက်နေ့၌ ပုဏ္ဏား၏ မိခင်သည် ထိုနေရာသို့ ရောက်လာပြီး တံခါးကို ခေါက်၏။ ‘ယခုအချိန်၌ ခြောက်ရက်သာ ရှိသေးသဖြင့် နက်ဖြန် နံနက်ချိန်ရောက်မှ တံခါးကို ဖွင့်ပါမည်’ဟု (၎င်းတို့က အတွင်းမှ ပြန်ပြော၏)။ မိခင်က ‘ငါသည် ဤည၌ ကွယ်လွန်မည်။ ယနေ့ ကမ္ဘာလောက၌ မြတ်ဗုဒ္ဓအား လူကိုယ်တိုင် ဖူးတွေ့ခဲ့ရသည့် အသက်ထင်ရှားရှိသူ ငါတစ်ယောက်သာ ရှိ၏။ သို့ဖြစ်၍ အနာဂတ်တွင် အခြားသူများသည် ဤဆင်းတုတော်ကား ဗုဒ္ဓနှင့် တူသလား မတူသလား ဟူသည်ကို ဆုံးဖြတ်နိုင်မည် မဟုတ်။ ထို့ကြောင့် သင်သည် တံခါးကို ဖွင့်ပေးရမည်’ဟု[၇] ဆို၏။

သို့ဆိုသဖြင့် တံခါးကို ဖွင့်ပေး၏။ နတ်ဗိသုကာ ဆရာများကား ပျောက်ကွယ်သွား၏။ ဆင်းတုတော်အား စစ်ဆေးကြည့်ရှုသောအခါ ရှင်တော် ဗုဒ္ဓနှင့် လုံးဝ တူညီသည်ကို တွေ့ရ၏။ သို့ရာတွင် သုံးနေရာ၌ကား မတူညီချေ။ ယင်းတို့မှာ ဆင်းတုမှ ရောင်ခြည် ထွက်ခြင်း မရှိ၊ ယင်းဆင်းတုသည် တရားဟောတော်မူနေခြင်း မရှိ၊ ထိုင်ခြင်းမှတစ်ပါး အခြား ဣရိယာပုထ် သုံးမျိုးကို မဖော်ပြခြင်းတို့ ဖြစ်၏။ ယင်းသို့ ဖြစ်ခြင်းမှာ ဤဆင်းတုတော်သည် ဗုဒ္ဓအစစ်အမှန်ကို ကိုယ်စားပြုသောကြောင့်ဟု လူအများက ဆိုကြ၏။ ခုနစ်ရက် ပြည့်သည်ထိ ဆင်းတုတော် တည်ဆောက်ခြင်းကို မဆောင်ရွက်နိုင်ခဲ့သောကြောင့် ယင်းဆင်းတု၌ မပြည့်စုံမှု ပါရှိခဲ့၏။ အချို့အလိုအရ ညာဖက်ခြေမ ဖြစ်ပြီး အချို့ကမူ ညာဖက်သို့ ရစ်ခွေနေသော ဆံခွေတွင် ဖြစ်သည် ဆို၏။ သို့ဖြစ်၍ ယင်းတို့ကို နောင်အခါတွင်မှ ဆင်းတုတော်၌ ဖြည့်စွက်ခဲ့ပုံရ၏။ သို့ရာတွင် ပညာရှိ အချို့က ခန္ဓာကိုယ်၌ မွေးညှင်းတော် မပါခြင်းနှင့် ကိုယ်ခန္ဓာ၌ သက်န်းတော် မထိအောင် မထုလုပ်နိုင်ခြင်းတို့ ဖြစ်ကြောင်းလည်း ဆိုကြ၏။ ပညာရှိ ခေမိန္ဒြဘဒ္ဒြလည်း[၈] ထိုကဲ့သို့ ယူဆ၏။ ထိုညတွင် ပုဏ္ဏေားမကြီး ဇဟာသာသည် ဖျားနာခြင်း မရှိဘဲ ကွယ် လွန်၏။

ထို့နောက် များမကြာမီ ကလျာဏပုဏ္ဏားသည် ခရီးသွားစဉ် အလိုလို အရောင်ထွက်သော အသ္မဂဗ္ဘ အမည်ရှိ ရတနာကို တွေ့ရှိ၏။ ပုဏ္ဏားသည် ‘ဤရတနာအား မဟာဗောဓိ (ဆင်းတုတော်)ကို မပြုလုပ်မီက တွေ့ခဲ့မူ ယင်းတို့ကို ဆင်းတုတော်၏ မျက်လုံးတော်အတွက် အသုံးပြုနိုင်လိမ့်မည်။ ငါကား ဤရတနာကို မတွေ့ခဲ့ရချေ’ဟု စဉ်းစား၏။ ထိုအချိန်မှာပင် ဆင်းတုတော်၏ မျက်လုံးများ၌ အပေါက်များ ပေါ်လာသည်ကို တွေ့ရ၏။ ထိုရတနာအား နှစ်ခြမ်း ခွဲအံ့ဆဲဆဲတွင် နောက်ထပ် အလားတူ ရတနာတစ်ခု တွေ့ပြန်၏။ (သို့ဖြင့်) ယင်းရတနာ နှစ်ခုကို မျက်လုံးတော် နေရာ၌ ထည့်သွင်းလိုက်၏။ အလိုလို အရောင်ထွက်သည့် ဣန္ဒြနီလ အမည်ရှိ အခြား ရတနာတစ်ခုကိုပါ တွေ့ပြန်သဖြင့် ယင်းကို ဆင်းတုတော်၏ မျက်ခုံးနှစ်ခု အကြား၌ ထည့်သွင်းလိုက်၏[၉]။ ရာထိက (Rāthika) ဘုရင်လက်ထက် တိုင်အောင် မဟာဗောဓိ ဘုရားကျောင်း၏ အတွင်းပိုင်း

သည် ညအချိန်တွင် ထိုရတနာတို့၏ ရောင်ခြည်ဖြင့် လင်းနေခဲ့၏။ ထို့နောက် ပုဏ္ဏားညီအစ်ကို သုံးယောက်သည် (မိမိတို့ တည်ဆောက်ထားသည့်) ဘုရားကျောင်း သုံးခု၌ ရဟန်းငါးရာတို့ သီတင်းသုံးနိုင်စေရန် စီစဉ်ခဲ့၏။ ၎င်းတို့သည် သံဃာတော်များအား လိုအပ်သည့် အသုံးအဆောင်များကို ထောက်ပံ့ လှူဒါန်းခဲ့ကြ၏။ ❒

---

## အောက်ခြေမှတ်ချက်များ

[၁] အရှင်ဥပဂုတ္တ သီတင်းသုံးသည့် နဋဘဋဝိဟာရ တည်ရှိသည့် ကုန်းမြေကို အချို့ကျမ်းတို့၌ သိရ သို့မဟုတ် ဥသိရဟု ခေါ်၏။ ဂူ သို့မ ဟုတ် ကျောင်းကို ရည်ညွှန်းခြင်း မရှိဘဲ ဥသိရတောင် ရည်ညွှန်းချက်ကိုလည်း တွေ့ရ၏။ ဤ ဥသိရတောင်မှာ ဥရုမုဏ္ဍတောင်၏ ဘေးတွင်ရှိပြီး နှောင်းခေတ်များတွင် ယင်းနှစ်ခုလုံးကို အမည်တစ်ခုတည်းနှင့် ခေါ်ပုံရပြီး သစ်ပင် တောတန်းများ ဆက်စပ်နေပုံရ၏။

[၂] ဤဥပဂုတ္တဝိဟာရမှာ ဝိနယကျမ်းစာတစ်ခုအရ မထုရာဒေသ၌ ဗုဒ္ဓဘာသာ အဆောက်အအုံ များစွာ ရှိသည့်အနက် တစ်ခုဖြစ်သည့် ပီတဂါမ ဝိဟာရ (Cream Village vihara) ဖြစ်သည်မှာ ထင်ရှား၏။ ယင်းသည် ခြသေ့်ခေါင်း ကျောက်စာများအရ ဂုဟာဝိဟာရ (လိုဏ်ဂူကျောင်း)လည်း ဖြစ်ဖွယ်ရှိ၏။ ယင်းကို နဋိကသံဃာရာမဟု ခေါ်ပြီး ဖော်ပြထားသည့်အတိုင်း နဋဘဋ (သို့မဟုတ် နဋဘဋိ) ဝိဟာရသည် ဒိဗျာဝဒါန ကျမ်းလာ နဋဘဋိကာမဏာယာယတန ဖြစ်၏။

[၃] အရှင်ဥပဂုတ္တသည် အပြစ်ရှိသူ မာရ်နတ်အား နှိမ်နင်း၏။ အရှင်ဥပဂုတ္တနှင့် မာရ်နတ်တို့၏ ပြောဆိုခန်း မှတ်တမ်းမှာ ဒိဗျာဝဒါနကျမ်း၌ အရှင်ဥပဂုတ္တအား ချီးမွမ်းရန် သရုပ်ဖော်သည်မှာ ထင်ရှား၏။ သို့ရာတွင် The *Legend of Emperor Asoka in Indian and Chinese Texts*, p.7 ၌မူ 'ဗုဒ္ဓသည် မကောင်းမှုပြုသူ မာရ်နတ်အား ဗုဒ္ဓဝါဒီဖြစ်အောင် မလုပ်ခဲ့ချေ။ ယင်းခက်ခဲသည့် လုပ်ငန်းကို ပြီးဆုံးစေခြင်းဖြင့် အရှင်ဥပဂုတ္တ၏ ဂုဏ်တက်စေရန် ချန်ထားခဲ့ခြင်း ဖြစ်၏'ဟု ဆို၏။

[၄] ယွန်ချွန် (ဟူယင်ဆန်)၏ အိန္ဒိယခရီးသွား မှတ်တမ်း၊ စာ–၃ဝ၇ (Watters, p. 307)၌ 'ဂူသည် ကျောင်းနှင့် ဆက်နေပြီး၊ ထိုဂူထဲ၌ အရှင်ဥပဂုတ္တမထေရ်၏ တရားကို နာယူ၍ ရဟန္တာဖြစ်သွားကြသည့် တပည့်သာဝကများသည် သစ်သား အပိုင်းအစများကို ပုံခဲ့ကြ၏။ .. ယင်း၏ အတိုင်းအတာမှာ ကျမ်းစာတို့၌ ကွဲပြားလျက် ရှိ၏။ ကျမ်းတစ်ကျမ်း၌ ၁၅–ပေ အကျယ်၊ ၇–ပေ အမြင့် ရှိကြောင်း ဆို၏။ ဘုရားဖူးခရီးသည် ယွန်ချွန်၏ ဖော်ပြချက်အရ ၂ဝ–ပေ အမြင့်အစား ၂ဝ–ပေ အမြင့်ဟု ယူနိုင်ပြီး ၂၄–ပေ သို့မဟုတ် ၂၇–ပေ အရှည်၊ အမြင့် ၉–ပေ သို့မဟုတ် ၁ဝ–ပေ ဟု ယူလျှင် သင့်မြတ်နိုင်ပါ၏'။

[၅] (Watters, p. 307) 'အရှင်ဥပဂုတ္တ ပရိနိဗ္ဗာန်စံသောအခါ ထိုရဟန္တာများ ပုံထားခဲ့သည့် သစ်သားပိုင်းစများကို ယူသွားပြီး အရှင် မြတ်အား မီးသင်္ဂြိုဟ်သောအခါ အသုံးပြုခဲ့၏။ သို့တစေ ယွန်ချွန်က ယင်းသစ်သား အပိုင်းအစများ ဂူထဲ၌ ပြည့်နေဆဲ ဖြစ်သည်ကို တွေ့မြင်ခဲ့ရကြောင်း ကျွန်ုပ်တို့အား ယုံကြည်စေ၏။

[၆] ယွင်ချွန် (ဟူယင်ဆန်)ရော ဖာဟီယန် ရဟန်းတော် နှစ်ပါးလုံးက ယင်းကျောင်းတိုက် နေရာမှာ ပါဋလိပုတ္တ အရှေ့တောင်ဘက်၌ ရှိကြောင်း ဆို၏။ ယွင်ချွန်အလိုအရ ယင်းကျောင်းတိုက်ကို အသောကမင်း ဆောက်လုပ် ခဲ့ကြောင်း ဆို၏။ Watters ကမူ 'ပါဋလိပုတ္တအနီး၌ ကုက္ကုဋာရာမ ကျောင်းဟောင်းတစ်ခု ရှိပြီး ယင်းသည် ပန်းခြံအတွင်း တဲကုပ်များ ဖြစ်ဖွယ်ရှိ၏။ အသောကသည် ယင်း ရှေးဟောင်းနေရာ၌ ကျောင်းတိုက် တစ်ခု လှူဒါန်းခဲ့ဖွယ်ရှိ၏။ ဗုဒ္ဓလက်ထက်တော်က ကောသမ္ဗီ အနီး၌လည်း ကုက္ကုဋာရာမကျောင်း တိုက်တစ်ခု ရှိ၏' ဖြည့်စွက်ခဲ့၏။

[၇] Watters ii. 116 တွင် ဗုဒ္ဓဆင်းတုတော် ပြုလုပ်ပုံ နောက်ဖြစ်ရပ်တစ်ခု အကြောင်းကို ဖော်ပြ၏ 'ဘုရားဖူး ယွန်ချွန်သည် ပုဏ္ဏားအသွင် ဆောင်ထားသည့် မေတ္တေယျ ထုလုပ်သည့် ဗုဒ္ဓဆင်းတုတော်အကြောင်း စိတ်ဝင်စားဖွယ် ဖြစ်ရပ်ကို ပြောပြ၏။ ဤပန်းပုပညာရှင်သည် ဘုရားကျောင်းထဲ၌ ခြောက်လကြာ တစ်ယောက်တည်း နေထိုင်ရန် အနံ့မွှေးကြိုင်သော ရွှံ့စေး၊ မီးအိမ်တစ်ခုကိုသာလျှင် တောင်းဆို၏။ ထိုအချိန် (ခြောက်လ) လွန်ပြီး လေးရက်မြောက်နေ့တွင် လူအများသည် စုံစမ်းလာကြပြီး ကြည့်ရှုရန်အတွက် တံခါးကို ဖွင့်ကြ၏။ လူအများသည် ညာဖက် ရင်သားခန့်တွင် အနည်းငယ် ကျန်သည်မှ တစ်ပါး သပ္ပာယ်လှပသည့် ဗုဒ္ဓဆင်းတုမှာ ပြီးသွား၏။ သို့ရာတွင် အနုပညာသည်မှာ ပျောက်ကွယ်သွား၏'။

[၈] တာရနာထ မကြာခဏ ကိုးကားညွှန်းဆိုသည့် လေးစားထိုက်သည့် ပညာရှင် ဖြစ်၏။ တာရနာထ၏ သမိုင်းကျမ်းအတွက် အရေးအပါဆုံး ရင်းမြစ်အဖြစ် ယူဆသူများ၌ ပါဝင်၏။ ကံမကောင်းစွာ တာရနာထသည် ဤပုဂ္ဂိုလ်၏ အမည် သို့မဟုတ် ထိုပုဂ္ဂိုလ် ရေးသော သမိုင်းကျမ်း၏ အိန္ဒိယ မူလနမည်ကို ဖော်ပြခြင်း မရှိ။

[၉] မျက်ခုံးနှစ်ခုအကြား နဖူးပေါ်ရှိ ရစ်ခွေနေသော မွေးညှင်းတော် ဖြစ်၏။ ယင်းသည် ဗုဒ္ဓတစ်ဆူ၏ ထင်ရှားသော အမှတ်လက္ခဏာတော် ဖြစ်ပြီး ယင်းမှ ရောင်ခြည်တော် ထွက်၏။

---